ကညီသးစၢ်ကရၢ (လီၢ်ခၢဉ်သး)
**KAREN YOUTH ORGANIZATION (Central)**
**Email**: kyohqktl@gmail.com,
**Online**: www.facebook.com/karenyouthorganization.kyo

ရက်စွဲ - ဖေဖော်ဝါရီလ (၃) ရက်၊ ၂၀၂၁ ခုနှစ်

## တပ်မတော်၏ အာဏာသိမ်းယူမှုကို ဆန့်ကျင် ကန့်ကွက် ရှုတ်ချ ကြောင်း သဘောထား ထုတ်ပြန်ကြေညာချက်

မိမိတို့ ကရင်လူငယ်အစည်းအရုံးသည် အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီရေး၊ တရားမျှတရေး၊ စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးတို့ကို မြတ်နိုးတန်ဖိုးထားသော အဖွဲ့အစည်းဖြစ်သည်။ ကရင်လူငယ်အစည်းအရုံး အနေဖြင့် တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထုများအပေါ် တရားမျှတမှုမဲ့စွာဖြင့် အာဏာရှင်ဆန်သည့် မည်သည့် အစိုးရ၏ ဖိနှိပ်အုပ်ချုပ်မှုမျိုးကိုမဆို ဆန့်ကျင် ကန့်ကွက်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တပ်မတော်မှ နိုင်ငံတော်အာဏာအား မတရားသော နည်းလမ်းဖြင့် သိမ်းယူပြီး စစ်အာဏာရှင်အုပ်ချုပ်မှုစနစ်အား ပြန်လည်အသက်သွင်းရန် လုပ်ဆောင်ကြိုးပမ်းနေသည့်အပေါ် မိမိတို့ ကရင်လူငယ်အစည်းအရုံးအနေဖြင့် ပြင်းပြင်းထန်ထန် ဆန့်ကျင် ကန့်ကွက် ရှုတ်ချပါ သည်။

တပ်မတော်၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ ဤကဲ့သို့ ဒီမိုကရေစီလမ်းစဉ်နှင့် ဆန့်ကျင်ကာ မတရားသော နည်းလမ်းများဖြင့် လုပ်ဆောင်နေခြင်းသည် တိုင်းရင်းသားများနှင့် ပြည်သူလူထုတရပ်လုံးတို့၏ လိုလားချက်ဖြစ်သော ဒီမိုကရေစီရရှိရေး နှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးကို ချေမွ ဖျက်ဆီးပစ်လိုက်သကဲ့သို့ ဖြစ်စေပြီး ပြည်တွင်းငြိမ်းချမ်းရေး ပေါ်ထွန်းလာစေရန်အတွက် မျှော်လင့်ချက်များ ဝေးကွာ ဆုံးရှုံးသွား စေပါသည်။

အာဏာရှင်စနစ် ပပျောက်ရေး၊ မဟာလူမျိုးကြီးဝါဒ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရေး၊ စစ်မှန်သော ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး နှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ကရင်လူငယ်များ အနေဖြင့် အဖိနှိပ်ခံ တိုင်းရင်းသားများ၊ မိဘပြည်သူလူထုများနှင့် အတူ ရပ်တည်ရင်း ဆက်လက် တိုက်ပွဲဝင် တော်လှန် သွားမည် ဖြစ်ကြောင်း သဘောထား ထုတ်ပြန် ကြေညာအပ်ပါသည်။

**မဟာလူမျိုးကြီးဝါဒ ချုပ်ငြိမ်းရမည်။ အာဏာရှင်စနစ် ပျောက်ကွယ်ရမည်။**
**စစ်မှန်သော တော်လှန်ရေး အောင်မြင်ရမည်။**

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကရင်လူငယ်အစည်းအရုံး
ကော်သူးလေ